# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၁၁-၆-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **သံလွင်မြစ်ပေါ်တွင် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း(၆)ခုနှင့် ပတ်သက်၍ ကောင်းကျိုး၊ ဆိုးကျိုးများ သုံးသပ်ပြီး ဆောလျင်စွာ အကောင်အထည်ဖော်ရေး အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရှင်းလင်းပြရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ကိုရီးယားနိုင်ငံ၊ Jeju မြို့တွင် မြန်မာအလုပ်သမားတစ်ဦး သေဆုံးခြင်းကိစ္စအား မြန်မာနိုင်ငံဘက်မှ ရှေ့နေငှား၍ အမှုဆောင်ရွက်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပြည်ပနိုင်ငံများတွင် အလုပ် လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်း လုပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ထိခိုက်သေဆုံး နစ်နာမှုများ ရှိပါက မည်သို့ ဖြေရှင်းပေးနေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဖာပွန်မြို့ရှိ အထက်တန်း ကျောင်းဆောင်များအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်ရှိ မူလ ရပ်မပေါ်သော အခြေခံမူလတန်းကျောင်း(၁၅)ကျောင်းကို အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများအား ၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် အထက်တန်းကျောင်း တစ်ကျောင်း ထပ်မံ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်(ကိုယ်စား) ဦးကျော်ခိုင်ဝင်း၊ မဲ့စဲ့ မဲဆန္ဒနယ်၏ **စီးပွားရေးတက္ကသိုလ်တွင် ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ် သတ်မှတ်၍ သင်ကြားပေးရန်နှင့် ဘဏ်လုပ်ငန်း ဆိုင်ရာ နည်းပညာ ရက်တိုသင်တန်းများကို ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကျူးကျော်ပြဿနာ ဖြေရှင်းခြင်းအပါအဝင် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရန် မြို့သစ်အိမ်ရာ မြေကွက်ဖော်ထုတ်မှု စီမံကိန်းကို ၂၀၁၅ ခုနှစ်ကုန် မတိုင်မီ ကာလအတွင်း စတင်ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးခင်မောင်ညို၊ လှိုင်ကော်မဲဆန္ဒနယ်၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက် လမ်းမကြီးများ၊ မြို့နယ်ချင်းဆက် လမ်းမကြီးများအား နိုင်ငံတကာ လမ်းများကဲ့သို့ စံချိန်စံညွှန်း ပြည့်ဝသော လမ်းများဖြစ်ရေး နိုင်ငံတော်မှ မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောင်တွင် မည်သည့်အစီအမံများဖြင့် ဆောင်ရွက်သွားမည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **" The Whipping Act (1909) (ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သည့် **"၂၀၁၂ ခုနှစ် အခြေခံပညာရေး ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပညာရေးသုတေသန ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေး ဥပဒေကြမ်း"** များကို ရုပ်သိမ်းရန် တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။